
ဝန်ဇင်း
Read on the move
ဟန်သိဇင်
အိပ်မက်ထဲက အချစ်ထက်
ပိုချစ်တယ်

# အခန်း(၁)

"ရှင်မင်းသွယ်"

ခေါ်သံကြား၍ လှည့်ကြည့်မိသောအခါ. . .

"ဩော်. . . မမ"

ထမင်းဘူးဖွင့်စားနေရာမှ ထကာ လက်ကလေးနောက်ပစ်၍ တရိုတသေ အမိန့်ကို နာခံရလေ သည် ။ 'ရှင်မင်းသွယ်' အနား ရောက်လာသူသည် သူတို့ ၏ အလုပ်ရှင် 'Boss' ဒေါ်မေရှူးဖြစ်နေသော ကြောင့်ပင်။

အသက်သုံးဆယ်ကျော်အရွယ် လှပကြော့ရှင်းသော ဒေါ်မေရှူး၏ မျက်နှာသည် လုပ်ငန်းရှင် ဂုဏ်ပီသစေရန် အစဉ်အမြဲ မျက်နှာထားတည်တည်နှင့်သာ ဆက်ဆံပြောဆိုတတ်လေသည် ။

မြန်မာပြည်မှာ "မေရှူး"အလှကုန်ထုတ်ပစ္စည်းများက မြန်မာပြည်အနှံ့အပြားသာမက ပြည်ပသို့ တင်ပို့နိုင်အောင် ကြိုးပမ်းနေသော ကုမ္ပဏီကြီး ဖြစ်လေသည် ။

"ရှင်မင်းသွယ် ထမင်းစားပြီးရင် မမဆီ ခဏလာခဲ့ပါ"

"ဟုတ်"

ခေါင်းလေးညိတ်ပြကာ နာခံရင်း 'မေရှူး' ထွက်သွားမှ ရှင်မင်းသွယ်ဆက်ပြီး စားလက်စ ထမင်းကို ခပ်သွက်သွက် စားရလေသည် ။

'ရှင်မင်းသွယ်' မှာ သူများ ရုံးစတပ်တွေကဲ့သို့ ကုလားထိုင် လေးနှင့် ဇိမ် နှင့်ထိုင်ခွင့်ရသော အလုပ်တာဝန်မျိုး မဟုတ်ပေ။

ဘာသာစကားလေးမျိုး တတ်ကျွမ်းထားပြီး သူဌေး၏ ကိုယ်ရေးအ ရာရှိအပြင် ဒရိုင်ဘာတာဝန် ကိုပါ ထမ်းဆောင်နေရသော လစာငွေ နှစ် သိန်း၏ မက်မောစရာအလုပ်မို့ အစစ ကြိုးစား၍ ခိုင်းသမျှ မမောတမ်း လုပ်ကိုင်ပေးရခြင်းဖြစ်သည် ။

ဒါတင်မက. . .

သူဌေးမှ စာရင်းဇယား စစ်ဆေးမှု Computer File များ ၊ အလုပ်ရှုပ် လျှင် 'ရှင်မင်းသွယ်'ပါ ပါဝင်ကူညီရသော စာရင်းကိုင် ခန့်ခွဲမှုကို အပို တာဝန် ဆောင်ရပြန်သည် ။

အိမ်ပြန်ရောက်လျှင် 'ရှင်မင်းသွယ်'ခမျာ အိမ်အလုပ် ဘာမျှလုပ်ကူနို င်ခြင်းမရှိ။ ကုမ္ပဏီဝတ်စုံ ကို လှဲလှယ်ပစ်တင်ပြီး အိပ်ရာထဲ ဒိုင်ဗင်ထိုးဝ င်ခဲ့ရသော နေ့များ စွာကို ရင်ဆိုင်ဖြတ်ကျော်ခဲ့ရစမြဲပင်။

ကိုယ့်အကြောင်း ကိုယ်တွေးရင်း 'ရှင်မင်းသွယ်' ဒေါ်မေဇူး၏ ရုံးခန်း အတွင်းသို့ အသာ တံခါး တွန်းဖွင့်ကာ. . .

"မမ စောစောက ခေါ်ထားတာ"

ဟု မေးလေသဖြင့် သူမအား အသာမော့ကြည့်ပြီး စားပွဲပေါ်မှ စာရွ က်ကို ကောက်ယူကာ. . .

"မနက်ဖြန် လေယာဉ်ကွင်းကို ဧည့်သည် တစ်ယောက် ကြိုပေးရမ ယ်"

"မမက အစည်းအဝေး မဖြစ်မနေ နေပြည်တော်ကို သွားရမှာ မို့ မမ ကိုယ်စား ရှင်မင်းသွယ် ဧည့်သည် ကို တည်းခိုစရာပြင်ဆင်ပြီး အစစ ပြ

ည့်စုံအောင် ကူညီလိုက်ပါ။ အမေရိကက လာမှာ ၊ နေ့လယ် Flight နဲ့ ရောက်လာမယ်။ ဟောဒီမှာ Fax: ထဲမှာ သူ့နာမည် Passport No. သေသေချာချာ ဖတ်မှတ် ပြီး ကူညီထားပါ။ မမ ပြန်လာမှ လာတွေ့ပါ့မယ်လို့ တင်ပြထားပါ၊ ရှင်မင်းသွယ်ရဲ့ ကိုယ်စား မမ ချောရူပါ ကို ခေါ်သွားလိုက်မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့၊ ဪ. . . ဧည့်သည် ကို ဘယ်မှာ တည်းဖို့ လုပ်ပေးရမှာလဲ"

"Green Jade Hotel မှာ Booking တင်ပေးထားလိုက်"

"သူ့ Visa က ခြောက်လနော်"

"အေး. . .မမတို့ ကုမ္ပဏီနဲ့ ဟိုဘက်မှာ ဈေးကွက်ဖွင့်ဖို့ အပြင် တခြားလုပ်ငန်းတွေအတွက် ပါတော့ ခြောက်လဆိုပေမဲ့ သက်တမ်းတိုးချင် တိုးရမယ်ထင်တယ်"

ဒေါ်မေရှုးတစ်ယောက် ပြုံးပြုံးရွှင်ရွှင် မျက်နှာထားနှင့် ပြောဆိုလာသဖြင့် ရှင်မင်းသွယ်စိတ်ထဲမှာ အံ့အားသင့်လို့ နေမိသည် ။

"ကဲ. . . ဒီကနေ့တော့ မမ နေပြည်တော်သွားလို့ လိုအပ်တာပြည့်စုံအောင် စီစဉ်ပေးထားပေ တော့၊ ဟောဒီ File နဲ့ Laptop ကတော့ အရေးကြီးတယ်နော်၊ မမ Hiace နဲ့ သွားမှာ ၊ ရှင်မင်းက ဧည့်သည် အတွက် သွားလာဖို့ ကို ထားခဲ့ပေးမယ်"

ဒေါ်မေရှုး အမြဲစီးနေသော ကားအကောင်းစားကြီး ထားပေးခဲ့သည်ဆိုတော့ လုပ်ငန်းအတွက် အလွန်အရေးကြီးသော ပုဂ္ဂိုလ်ဆိုတာ ရှင်မင်းသွယ် သဘောပေါက်လိုက်ပါသည် ။

"မနက်ကို မမကို လိုက်မပို့နဲ့ တော့၊ ဒီနေ့ ရုံးကိစ္စပြီးရင် ကား Sevice

sin လုပ်ဖို့ သွားလိုက် တော့၊ မနက်ဖြန် လေယာဉ်ကြိုချိန်မှာ ကားယူပြီး သွားပါ"

"ဟုတ်ကဲ့"

"ရော့. . .ဒါ ဧည့်သည် သုံးဖို့ Credit Card"

ဒေါ်မေရှူး လှမ်းပေးသော Bank Card ကို လှမ်းယူကာ သူမ၏ အင်္ကျီ အိတ်ကပ်ထဲသို့ သေသေချာချာ ထည့်ရလေသည် ။

"ဒီမှာ Handset ဧည့်သည် အတွက် Ph:call လုပ်နိုင်ဖို့ ကြိုပြီးတာနဲ့ မင်း မမဆီကို Report လုပ်ပါ"

"စိတ်ချပါ မမ"

ရှင်မင်းသွယ် ဒေါ်မေရှူးထံမှာ အလုပ်ဝင်ခဲ့သည် ။ သုံးနှစ်တာကာလ အတွင်း အမှားအယွင်းမရှိ တာဝန်ကျေပွန်ခဲ့သူမို့ ယုံကြည်စိတ်ချစွာ ကြီးမားသော တာဝန်ကို လွှဲအပ်ထားခြင်း ဖြစ်ပေတော့သည် ။

***

# အခန်း(၂)

မင်္ဂလာဒုံလေဆိပ်၏ ကားဂရပ်ဖ်မှာ ရှင်မင်းသွယ် ကားကိုရပ်၊ Key Lock ချခဲ့ပြီးလျှင် ညွှန့်ကြို ရန် Form ဝင်ခွင့်ဖြည့်ရသည် ။

လေဆိပ်ထဲရောက်တာနှင့် အေးဂျင့်ဌာနကာ Board ကိုင်၍ ညွှန့်သ ည် ၏ အမည်နှင့် ကြိုဆိုသူ အမည်ကိုရေးကာ စေလွှတ်ထားလိုက်ပြီး. . .

သူမကတော့ အပေါက်ဝမှ Board ကိုင်ကာ အသာစောင့်နေရုံပင်။

ဘာပြောပြော Boss မပါလာသဖြင့် ဝေယျာဝစ္စနည်းသလို စိတ်ကျဉ်းကျပ်မှု သက်သာလေသည် ။

Shad Jue: ကို လှမ်းကြည့်ရင်း T.G 305 ဝင်လာမည့်အချိန် ၁၅ မိနစ်ခန့် လိုသေးသဖြင့် ကုလားထိုင်မှာ ထိုင်ရင်း စိတ်ရောလူပါ အပန်းဖြေနေစဉ်. . .

"ချွတ်. . . ချွတ်"

မိမိရှေ့မှာ လာရပ်နေသလိုမျိုး ခံစားရသဖြင့် မျက်လုံးဖွင့်ကြည့်မိရာ. . .

"အဲ. . .ချိုမှာ"

"ရှင်မင်းသွယ်"

"နင် ဘယ်သွားမလို့ လဲ"

"မသွားပါဘူးဟာ၊ တို့ ဂတ်ဂတ်ကို လာကြိုတာ၊ အခုဆိုက်မယ့် Flight နဲ့ ပါလာမှာ လေ၊ နင်ကရော"

"အေး. . .ငါကတော့ ကုမ္ပဏီတာဝန်အရ ဧည့်သည် လာကြိုရတာလေ"

"ဟာ. . .ရှင်မင်း၊ နင်က ကျောင်းကထက်တောင် ပို Smart ဖြစ်နေသေးတယ်"

"အချင်းချင်းဟာ"

"တကယ်လည်း အဆီအပိုမရှိ ၅ ပေကျော် အရပ်အမောင်းနှင့် အချိုးအစားညီသော မျက်နှာကျ တွင် ဖြောင့်စင်းသောနှာတံ၊ ဖူးပြည့်ပြည့်နှုတ်ခမ်း၊ ကော့ရွှန်းသောမျက်တောင်အောက်မှ ရွှန်းလဲ့သော Style ကျကျ၊ Hair Style လေးနှင့် အဖြူရောင် ကုမ္ပဏီအင်္ကျီပေါ်မှာ နက်ပြာရောင်စိုစို Coat အင်္ကျီနှင့် ဘောင်းဘီရှည်၊ Hlaf Shoose ကို ဝတ်ဆင်ထားပုံကကြည့်၍ ကောင်းသဖြင့် ချိုမာက နှုတ်မှ ဖွင့်ချီးကျူးနေခြင်းဖြစ်ရာ သူတို့အပါး၊ တောက်. . .တောက်. . .ပြေးလာသော ကလေးငယ်က ချိုမာ့ စကတ်ကို လာဆွဲရင်း"

"မာ. . .မာ"

မပီကလာ စကားလေးနှင့် ခေါ်လေသည် မို့. . .

"ဟဲ့၊ ဒါ. . .ရှင့်ပစ္စည်းလား"

"အေးပေါ့"

ချိုမာက ကလေးငယ်ကို ကောက်ချီရင်းဖြေရာ. . .

"ဟွန်း. . .မွေးချက်ကတော့ မြန်ပ့ါ"

"အံမယ်၊ ရှင်ကော ခုထိ မစွံသေးဘဲ သူများကြီးပွားတာကို မနာလို ဖြစ်နေတာများ "

ချိုမာကတော့ တစ်သားမွေး တစ်သွေးဝဖြစ်လို့ ရှင်မင်းသွယ်အပေါ် အားမနာစွာ ကျောင်းတုန်း ကအတိုင်း ပြောနေခြင်းပင်။

"ငါ့မှာ အချိန်ပို မရှိဘူး ချိုမာရေ"

"ဟယ်. . .ဒါဆို ခုထိ နင် မစွံသေးဘူးပေ့ါ"

"မူးလို့ တောင် ရှူစရာမရှိဘူး"

"ဖြစ်ရလေဟာ၊ ကျောင်းမှာ ကတည်းက တီးတီးကို ချိတ်လိုက်ပြီး ရော"

"တော်ပါဟာ၊ ငါ့အမေကိုပစ်ပြီး မထားခဲ့ရက်ဘူးလေ"

"ဒါဆိုလည်း ရှင့်ကုမ္ပဏီက တစ်ယောက်နဲ့ မှ ရင်မခုန်ခဲ့ဘူးလား"

"အမလေး. . .ချိုမာရယ်၊ ငါတို့ ကုမ္ပဏီက မမက အပျိုကြီး၊ ခန့်ထား တဲ့ ရုံးလုပ်ငန်း ဝန်ထမ်း အားလုံး အပျိုစင်လေးတွေချည်းပဲ၊ ကိုယ်တိုင် ကားမောင်းကျွမ်းကျင် ဝန်ထမ်းပဲ ခန့်ထားတာ၊ ခုတောင် ပြည်ပက ဧည့် သည် ကြိုဆိုရေးလည်း ငါပဲ၊ ယာဉ်မောင်းလည်း ငါပဲ သူငယ်ချင်းရေ၊ တို့ ကုမ္ပဏီမှာ ယောကျ်ားဆိုလို့ မူးလို့ ရှူစရာ မရှိဘူး"

"ဟင်း. . .ဟင်း၊ ဒါဆို နင်တို့ Boss မမက ခွတီး ခွကျ၊ နှပ်ချီးမမပဲဖြ စ်မယ်"

"အံမယ်၊ ဒီလိုတော့ နှိပ်ကွပ်စကား မပြောပါနဲ့ ဟာ၊ သူက လုပ်ရည် ကိုင်ရည်ရှိလို့  ငါက အားကျနေရတာ ချိုမာရယ်"

"ဘွားဘွား၊ ဟောဟိုမှာ လေယာဉ်ဝင် လာပြီဟဲ့၊ လူဝင်မှုကို ရောက်

လာကြပြီ၊ အိုကေနော်၊ နင် မြန်မြန် စွံပါစေဟာ၊ ငါသွားပြီနော်"

ချိုမာတစ်ယောက် ပျာယီးပျာယာ သူ့လင်တော်မောင် မြင့်အောင် မှန်ကာရထားရှာအနီးသို့ ပြေးလာတော့သည်။

ရှင်မင်းသွယ် လက်မှာ ကိုင်ထားသော Board ကိုကိုင်ရင်း အဝင်အထွက် တံခါးပေါက်နားမှာ စောင့်ဆိုင်းနေရာ သူမကြိုခိုင်းလိုက်သော ကိုယ်စားလှယ်က ခဏအကြာ လက်တွန်းလှည်းပေါ် လက်ဆွဲ သေတ္တာအကြီးစားနှစ်လုံးတင်လျက် ဧည့်သည် ကို ခေါ်ထုတ်လာသောအခါ. . .

"ဟင်. . .တကယ့် အမေရိကန်ကြီးလားလို့ ၊ အင်း. . .အာရှနွယ်သားထဲကဖြစ်မယ်၊ နာမည် ကသာ Rolland ရေးထားတာ၊ အရပ်ကတော့ အမြင့်စားထဲကပဲ"

စိတ်ထဲမှ မှတ်ချက်တွေပြုရင်း သူမ ပြုံးပြလိုက်ပြီး. . .

"Good Afternoon Mr. Rolland"

ဟု ပြုံးကာ နှုတ်ဆက်လက်ကမ်းပေးပြီး. . .

"မေဖူးကုမ္ပဏီရဲ့ အတွင်းရေးမှူး ရှင်မင်းသွယ်ပါ"

ကိုယ်ကပဲ အရင်မိတ်ဆက်စကားဆိုကာ အဆောက်အအုံအပြင်သို့ ခေါ်ခဲ့ပြီး. . .

"ကျေးဇူးပြု၍ ဒီမှာ စောင့်ပေးပါနော်၊ ကျွန်မ ကားထားတဲ့ ဆီမှာ ကားသွားယူပါရစေ"

ရှင်မင်းသွယ် အင်္ဂလိပ်လို ပြောသမျှကို ပြုံး၍ နားထောင်ပြီး လက်ကလေးထောင်ပြကာ နားလည် ကြောင်း သင်္ကေတပြလေသည်။

သို့နှင့် ကား Stand မှာ ခပ်သွက်သွက် ကားကို သွားယူမောင်းနှင်

လာပြီး Mr. Rolland ရှေ့တိုး ရပ်ပေးပြီးလျှင် ကားပေါ်မှ ဆင်းကာ သူ၏ ပစ္စည်းများကို ကားနောက်ခန်းထဲသို့ အလုပ်သမား အကူအညီ ဖြင့် တင်ပေးစေပြီး ဒရိုင်ဘာနောက်ခန်းမှာ သူ့ကို ပေးထိုင်စေပြီး ရှင်မင်းသွယ် ကားမောင်းနေရာမှာ ဝင်ထိုင်ရင်း အသာအယာ ကားမောင်းထွက်လာခဲ့တော့သည် ။

မင်္ဂလာဒုံလေဆိပ်လမ်းမှ ရန်ကုန်-ပြည်လမ်းပေါ်သို့ ချိုးကွေ့ပြီးလေမှ . . .

"မင်းကိုယ်တိုင် မောင်းရတာလား၊ ဒရိုင်ဘာ မပါဘူးလား"

"ဒရိုင်ဘာတာဝန် ကျွန်မ တာဝန်ပါပဲ"

"အိုးမိုင်ဂေါ့"

ရှင်မင်းသွယ် ပြောဆိုဖူးသော နိုင်ငံခြားသား လေသံနှင့်မတူ ကရုဏာသံများ သက်ဝင်နေတာ သတိထားမိလေသည် ။

တဖြည်းဖြည်းနှင့် ကားလေးသည် Green Jade Hotle ရှိရာသို့ ချိုးကွေ့လေသောအခါ. . .

"အို. . .ငါ့ကို ဟိုတယ်မှာ ပေးတည်းတာလား၊ မင်းတို့ ကုမ္ပဏီပိုင်ရှင် အိမ်မှာ မဟုတ်ဘူး လား"

"ဟုတ်ကဲ့၊ လူကြီးမင်းအတွက် နိုင်ငံခြားသားဧည့်သည် ဟာ ဟိုတယ်မှာ သာ တည်းခိုရပါတယ်၊ ဒါ စည်းကမ်းပါ"

"သြော်. . .သြော်"

ကြိုတင် Booking တင်ထားသဖြင့် ရှင်မင်းသွယ် ကားလေးထိုးဆိုက်လိုက်တာနှင့် Hotel ဝန်ထမ်းများ ကြိုဆိုကြပြီး Reception မှာ အခန်း

သော့ယူရန် စာရင်းပေးပြီး လိုက်ပါပို့ဆောင်ပေးလိုက် ပြီး ပစ္စည်းများ နေရာတကျ ထားသိုပြီးသောအခါ . . .

"မစ္စတာ၊ ဒါ ဖုန်းပါ၊ လူကြီးမင်း သုံးစွဲနိုင်ရန် Boss က ပေးခိုင်းပါတယ်၊ ဒါကCredit Card လူကြီးမင်း၊ Porket Money အတွက် စီစဉ်ပေးထားပါတယ်"

စားပွဲပေါ်မှာ အစီအရီ အပ်နှံစရာရှိတာ အပ်နှံပြီးလျှင် သူမ တရိုတသေပြု၍ မတ်တတ်ရပ်နေတာ ကို မော့ကြည့်ပြီး. . .

"ထိုင်လေ"

ရှင်မင်းသွယ် ခေါင်းခါပြပြီး. . .

"လုပ်ငန်းခွင်အချိန်မှာ Boss က ထိုင်ခွင့်မပေးပါဘူး၊ လူကြီးမင်း ခိုင်းစရာရှိလျှင် ဖုန်းနံပါတ် . . . . . ကို အချိန်မရွေးခေါ်ပါ၊ ကျွန်မ Stand by ရှိနေပါတယ်"

"ကောင်းပြီလေ၊ လောလောဆယ် ငါ ဗိုက်ဆာတယ်၊ မင်း ငါနဲ့ အတူ နေ့လယ်စာ လိုက်စားနိုင် မလား"

ညွှန့်သည် က တောင်းဆိုလာသဖြင့်. . .

"ရပါတယ်၊ ဟိုဘက်မှာ မှာ ပေးပါ့မယ်"

"နိုး. . .နိုး၊ ရန်ကုန်မြို့ထဲက မြန်မာ အစားအစာ ကောင်းကောင်း ရောင်းတဲ့ ဆီကို ပို့ပေးပါ"

"ရပါတယ်"

ရှင်မင်းသွယ် ခေါင်းညိတ်ပြကာ နှစ်ဦးသား ပြန်ထွက်လာကာ ကားနှင့် အင်းလျားလမ်းဘက်ရှိ မြန်မာအစားအစာဆိုင်ရှိရာသို့ ခေါ် လာပြီး.

. .

ဆိုင်အတွင်းဝင်၍ ထိုင်လိုက်ပြီးလျှင်. . .

"မစ္စတာ ဘာသုံးဆောင်ချင်သလဲ"

Menu Card လေးကို လက်နှင့် ထောက်ပြမေးရာ၊ သူက ပြန်၍ လက်နှင့်ထောက်ပြသည် က . . .

"မုန့်ဟင်းခါး"

"ဟင်"

စားမှ စားနိုင်ပါ့မလားဟု တွေးကာ ငေးကြည့်စဉ်

"မုန့်ဟင်းခါးမှာ ပါ"

ဟု ထပ်ပြောလေသဖြင့် ရှင်မင်းသွယ် မုန့်နှစ်ပွဲမှာ ရလေတော့သည် ။

မုန့်ဟင်းခါးပန်းကန် ရောက်လာသောအခါ စားပွဲပေါ်မှ နံနံပင်၊ ရှောက်သီး၊ ငရုတ်သီးတွေ ထည့်ခိုင်းပြန်သည် ။

ရှင်မင်းသွယ် စိတ်ထဲမှာ လည်း "ဒီလူဟာ အမေရိကန်မကျ၊ မြန်မာမကျ ခွကျကျပုဂ္ဂိုလ်ပဲ၊ မစား နိုင်ရင်တော့ နမြောစရာ"

ဟု တွေးကာ ဆောင်ရွက်ပေးရင်း. . .

"မစ္စတာ ဖျော်ရည်တစ်ခုခု မှာ ထားပါလား"

ငရုတ်သီးစပ်လျှင် "ဖြေဆေးကို ကြိုတင်တွေး၍ မေးလိုက်ခြင်းပင်၊ ဒါကို သူကပြုံးကာ Palaretea ပဲမှာ ပါ"

"ဟွန်း. . .မှာ ပုံက သူ့ကိုယ်သူ မြန်မာကျနေတာပဲ၊ ရောက်တာမှ နာ

ရှိပိုင်းပဲရှိသေးတယ်၊ မြန်မာ Style က ဖမ်းချင်သေးတယ်"

စိတ်ထဲမှာ ဝေဖန်ပြီး ပြုံးလည်း ပြုံးချင်နေမိသည် ။

"စားလေ၊ မင်းတို့ မြန်မာ အစားစာ မကြိုက်ဘူးလား"

"ကြိုက်ပါတယ်၊ မစ္စတာ မစားနိုင်မှာ စိုးလို့ ပါ"

"အို. . .ငါကြိုက်တယ်၊ ဒီမှာ ကြည့်"

ဟု ဆိုကာ တစ်ဇွန်းပြီးတစ်ဇွန်း အားရပါးရ ရှူးရှဲ. . .ရှူးရှဲမည်ကာ စားပြပြီး. . .

"နောက်တစ်ပွဲ မှာ ပေးပါ"

"ဟောတော့"

ရှင်မင်းသွယ် မျက်လုံးပြူးရလေသည် ။

မှာ ဆိုတော့လည်း မှာ ပေးရပြန်သည် ။ စောစောက ရှင်မင်းသွယ် ထည့်ပေးသလို နံနံပင်၊ ငရုတ် သီးမှုန့်တွေထည့်၊ ရှောက်သီးတွေညှစ်ပြီး အားရပါးရ စားပြန်သည် ။

"လူကြီးမင်း ဟိုမှာ ဒါမျိုးစားဖူးတယ် ထင်တယ်"

"အင်း. . .မြန်မာမိတ်ဆွေတွေက ကျွေးလို့ စားဖူးတယ်"

"သြော် . . . ဒါကြောင့်ကိုး"

သူမရယ်တာကို မျက်မှောင်ကုတ်ကြည့်ပြီး. . .

"ရှူးရှဲ. . .ရွှတ်"

တစ်ရှူးစများ ယူကာ နှာရည်များ သုတ်သင်ကာ ချွေးတွေ ရွှဲနစ်နေရှာသည် ။ Cold Tissue စကို ထုတ်ပေးပြီး သူ့မျက်နှာမှ

ချွေးစများကို သုတ်ခိုင်းရလေ၏။

ဖြူဥသော မျက်နှာပြင်မှာ ငရုတ်သီးစပ်သော အရှိန်နှင့် နီရဲတွတ်နေပြီး လျှာထုတ်ကာ လက်ဝါး နှင့်ယပ်ခတ်ကာ. . .

"သိပ်ပူတာပဲ"

ဟု သူ့အပြစ်နှင့်သူ ရယ်ကျဲကျဲ ပြောလေသည် ။ ရှင်မင်းသွယ်မှာ သူ့ ပုံစံကြည့်ပြီး မရယ်ဘဲ မနေနိုင်တော့. . .

"ဟင်း. . .ဟင်း. . .ဟင်း"

"ဟား. . .ဟား. . .ဟား"

တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်ပြီး ခဏအကြာမှာ ကော်ဖီနှင့် ကိတ်ပူတင်း လာချ ပေးတာကြည့်ပြီး သူ ဟန်မဆောင်နိုင်ဘဲ ယူစားလေတော့သည် ။ ချိုသောအရသာ လျှာပေါ်ရောက်သွား လေမှ . . .

"အိုကေ၊ သင့်ခယူး ဆိုးမာ့ချ်"

ရှင်မင်းသွယ် ကြိုတွေး၍ စီစဉ်ထားပေးမှုကို သူ သဘောကျသွား တော့သည် ။

စား၍ ပြီးလေသောအခါ . . .

"ရွှေတိဂုံဘုရား ပို့ပေးပါ"

"ဘယ်လို ဖော်ရိန်နာပါလိမ့်"

ဟု တွေးကာ ရွှေတိဂုံဘုရားသို့ မောင်းနှင်ကာ တောင်ဘက်မုခ်မှာ ကားအပ်ကာ ဘုရားဖူးရန် ပို့ပေးလေသောအခါ

"လူကြီးမင်း ဗုဒ္ဓဘာသာဝင်လား"

ဟု မေးလေရာ. . .

"ဆိုပါတော့"

ခေါင်းညိတ်ကာ ခပ်တည်တည် ဖြေသည် ။ ဓာတ်လှေကားဖြင့် တက် လာပြီး ဘုရားရင်ပြင် လျှောက်သောအခါ ပန်းလှူချင်ကြောင်းပြော၍ ရှင်မင်းသွယ် တောင်ဘက်မုခ် စောင်းတန်းမှာ ပန်းပြေး ဝယ်ရပြန်သည် ။

ပန်းလှူရန် ပေးပြန်တော့ ပန်းစည်းကို တစ်ဝက်ခွဲစေကာ ရှင်မင်းသွယ်ကိုပေး၍ လှူစေပြန် သည် ။

"လူကြီးမင်း ဘာနေ့သားလဲ"

"ကြာသပတေးနေ့"

ဟု ဆို၍ ရှင်မင်းသွယ် ဦးဆောင်ကာ ကြာသပတေးထောင့်ဂြိုဟ်တိုင်ကို ပြပြီး. . .

"ဒီဘုရားနဲ့ ဂြိုဟ်တိုင်က ကြာသပတေးနေ့ မွေးသူတွေအတွက် ပူဇော်လှူဒါန်းရတာ၊ ရေလည်း ကိုယ့်အသက်နဲ့ ရေတွက်ပြီး လှူပေါ့"

"မင်းရော"

"ကျွန်မလည်း ကြာသပတေး"

"အိုးမိုင်ဂေါ့၊ ဒါဆို ငါတို့ အတူတူ လှူကြရအောင်၊ အိုကေလား"

ရှင်မင်းသွယ်လည်း ခေါင်းညိတ်ပြကာ ဘုရားထိုင်ရှိခိုးနည်း သူ့ကိုသင်ပေးပြီး. . .

ပန်းအတူကပ်ပေး၊ ရေအတူလှူနှင့် ဘုရားရင်ပြင်တစ်ပတ်လျှောက်ပြ၊ ရှင်းပြရနှင့်. . .

တကယ်တော့ ကုမ္ပဏီအလုပ်မှာ သာ နစ်ဝင်ပြီး အပြင်လောကနှင့် ကင်းဝေးနေသော ရှင်မင်း သွယ်အတွက် ရောက်ရှိလာသော ဧည့်သည်အား ပို့ခွင့်ရတာကိုပင် ကျေးဇူးတင်ရလေတော့သည် ။

အပြန်ခရီးမှာ တော့. . .

"မင်းဟာ တာဝန်ကျေပြီး အင်မတန် ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးပါပဲ"

ဟု မြှောက်ပင့်ခြင်းမဟုတ်သော လောကဝတ်စကားကို ဆိုလေသည် ။

"ကျေးဇူးတင်ပါတယ်၊ မနက်ဖြန် လူကြီးမင်း ဘာအစီအစဉ် ရှိပါသလဲ"

"မင်းတို့ Boss နဲ့ ဘယ်အချိန် တွေ့ခွင့်ရမလဲ"

"အို. . .ဟုတ်ပါရဲ့ ၊ ရောက်ကတည်းက တင်ပြရမှာ ၊ ကျွန်မရဲ့ ပေါ့လျော့မှုပါပဲ၊ Boss က နေပြည် တော်မှာ အစည်းအဝေးရှိလို့ သုံးလေးရက်ကြာမှ ရောက်ပါမယ်၊ အဲဒီတော့မှ လာတွေ့ပါလိမ့်မယ်"

ရှင်မင်းသွယ် စကားအဆုံးမှာ . . .

"ကောင်းပြီလေ၊ အလုပ် မရှိရင် အားနေတာပေါ့၊ ဒါဆို ရန်ကုန်မြို့ထဲ လျှောက်လည်ကြည့်မယ်၊ မနက် ၈ နာရီ မင်းအရောက်လာပါ"

"ဟုတ်ကဲ့ပါ"

"ကားကရော မင်း ယူထားရတာလား"

"ဟင့်အင်း၊ Boss အိမ်မှာ ထားတာပါ"

"မင်းအိမ်နဲ့ နီးလား၊ ဝေးလား"

"အင်း၊ Bus ကားနဲ့ နာရီဝက်စီးရတယ်"

"သိပ်ပင်ပန်းနေမှာ ပဲ"

"မပင်ပန်းပါဘူး၊ ကျွန်မအတွက် ရိုးနေပါပြီ"

"မင်း သိပ်ကြိုးစားတဲ့ မိန်းကလေးပဲ"

"ကျေးဇူးတင်ပါတယ်"

တကယ့်ကို စူးစူးနက်နက် ကြည့်ကာ ပြောလာသည့်အတွက် ရှင်မင်းသွယ် မျက်လွှာချကာ ပြန်ဖြေရင်း ကားကို ကျင်လည်စွာ မောင်းနိုင်ရန် စိတ်ကို ပြန်စုစည်းကာ အာရုံပြု လိုက်လေတော့သည်။

***

## အခန်း(၃)

မိုးမချုပ်ခင်ရောက်လာသော ရှင်မင်းသွယ်၏ မေမေ ဒေါ်အေးသွယ်မှာ ခါတိုင်းထက် အိမ်ပြန် ရောက်သော သမီးအတွက် မျှော်မောရ စိတ်သက်သာသလို သားအမိနှစ်ဦး ထမင်းလက်စုံမစားရတာ ကြာပြီမို့. . .

"ဟယ်. . .မေ့သမီးလေး ပြန် လာပြီ"

ဝမ်းသာအားရ ပြေးကြိုလေသည် ။ ရှင်မင်းသွယ်က သူ့မေမေ အနားရောက်တာနှင့် ပါးလေးကို နမ်းကြူကာ. . .

"မေ့သမီး ပြန်လာလို့ ပျော်နေတာမို့လား"

"ဒါပေါ့ကွယ်၊ တစ်နေကုန် မေမေတစ်ယောက်တည်း အိမ်မှာ နေခဲ့ရတာ ဘယ်လောက် အထီး ကျန်လိုက်သလဲ၊ သူများ သားသမီးတွေ အိမ်ပြန်လာချိန်မှာ မေ့သမီးက ပြန်မလာရသေးဘူးလေ"

"ဟုတ်ကဲ့ပါ မေမေ"

စိတ်ပေါ့ပါးစွာ ရှင်မင်းသွယ် ရေချိုးခန်း ဝင်လိုက်သည် ။ ပြီးလျှင် မေမေ သွေးပေးထားသော ပေါ့ပေါ့ သနပ်ခါးရေကျဲကိုလိမ်းကာ ပေါ့ပေါ့ ပါးပါး အင်္ကျီတစ်စုံရွေးကာ ဝတ်လိုက်တော့သည် ။

"မေ. . .ဘာချက်လဲ"

"မေ့သမီးက ရှောက်သီးသုပ် ကြိုက်တယ်မို့လား၊ ကြာဆံချက်လေး

နွေးထားတယ်၊ ကြက်သား ကြော် အသားနွှင်ထားတယ်"

"အိုကေ"

သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ကာ ထမင်းစားနေရင်း တစ်ချက်တစ်ချက် အတွေး ဝင်ကာ ငြိမ်သွားသော သမီးမျက်နှာကိုကြ ည့်ကာ. . .

"ဟဲ့. . .မေ့သမီး၊ ဘာတွေ တွေးနေတာလဲ"

"သြော်. . .အင်း. . .မနက်ဖြန် ဧည့်သည် က ရန်ကုန်အနှံ့ လျှောက်ကြ ည့်ချင်တယ်ပြောလို့ ဘယ်လို ပို့ပေးရမလဲလို့ ဒီအကြောင်း Boss ကို မတ င်ပြရသေးဘူး မေမေ"

"ပြီးတော့ ဖုန်းဆက် ပြောပေ့ါကွယ်၊ ဒီမှာ မေမေ အကြံပေးလို့ ရမ လား"

"အင်း. . .ပြောလေ"

ထမင်း ပလုတ်ပလောင်းစားနေရင်း မေမေ့အကြံကို မျှော်နေရာ. . .

"သန်လျင်ဘက် ပို့ပေးလိုက်ပေ့ါကွယ်၊ သမိုင်းဝင် အထင်ကရ နေရာ တွေပါဟာ"

"ဟုတ်တယ်နော်၊ မေမေ့အကြံ ဂွတ်တယ်"

"အေးပါ. . .အေးပါ၊ ထမင်း သီးပါဦးမယ်၊ ဖြည်းဖြည်းစားပါ"

သားအမိနှစ်ယောက် ပြုံးပျော်ကြည်နူးစွာ ထမင်းစားနေစဉ်. . .

"ဝီ. . .ဝီ. . .ဝီ"

လက်ကိုင်ဖုန်းက ထမင်းစားပွဲပေါ်မှာ ဘဲလ်သံမမြည်ဘဲ တုန်ခါမြည် နေရာ. . .

"ဟဲ့. . .သောက်ပလုတ်တုတ်"

ရုတ်တရက် လက်နှင့်တိုက်မိ၍ ဖုန်းက စားပွဲပေါ်မှာ ရွှေ့နေတာမြင်သဖြင့် ဒေါ်အေးသွယ် လန့်အော်ကာ ဖြစ်နေပုံကြည့်ပြီး. . .

"ဟား. . .ဟား၊ မေမေကလည်း Model Nice မဖြစ်သေးပါဘူးနော်"

ဖုန်း Screen မျက်နှာပေါ် လှမ်းကြည့်ရင်း Message ဝင်လာတာမို့ အသာလှမ်းဖတ်ကာ ပြောသောအခါ. . .

"ကိုယ် အသုံးပြုနေကျမှ မဟုတ်ဘဲကွယ်၊ မကြုံဖူးတော့ လန့်တာပေ့ါ"

"အင်းပါ မေမေရယ်၊ နောက်ဆို မေမေ့ကို ဟဲန်းဖုန်းနဲ့ အင်တာနက်နဲ့ ထားနိုင်အောင် ကြိုးစား ရပါဦးမယ်"

ရိုးစင်းသော ဒေါ်အေးသွယ်ကို ပွေ့ဖက်ကာ ပြောလေရာ. . .

"ဒီလောက်ပဲ ဘဝကို တင်းတိမ်ပါကွယ်၊ ငါ့သမီး ပင်ပန်းလှပါပြီ"

"မေမေက မေ့သမီးကို သနားနေပေမဲ့ ခေတ်ကာလ အခြေအနေအရ ဆယ်ဆ ထပ်ကြိုးစားမှ တန်ကာကျမယ် မေမေရေ၊ အနာဂတ်အတွက် လူတန်းစေ့နေနိုင်မှာ မေမေရဲ့ "

"အေးပါကွယ်၊ မေမေကတော့ ခေတ်ကို လိုက်မမီပါဘူး၊ မနက်ထမင်း၊ ညထမင်းအပြင် ပိုမပူတဲ့ တရားသဘောနဲ့ ပြောတာပါကွယ်"

"မေမေ့ဘက်ကလည်း မှန်တယ်၊ သမီးတို့ လူငယ် အတွေးကလည်း မှန်ပါတယ်၊ ဟုတ်ပြီလား၊ ကဲ. . .ပန်းကန်ကူမဆေးတော့ဘူး မေမေရေ၊ Message ဝင်လာလို့ သတင်းပြန်ပို့ရဦးမယ်"

"အေးပါကွယ်၊ သမီးကိစ္စ သမီး အေးဆေးစွာ လုပ်ပါ၊ ကျန်တာ မေ

မေ့အပိုင်း၊ သွားနားချည် တော့"

အမှန်တော့ ရှင်မင်းသွယ်ထံလာသော Message မှာ ထူးခြားနေ၍ ဖတ်ကြည့်ချင်၍ ဖြစ်သည် ။

မလာစဖူး အလာထူးသော ဖုန်း Message ကြောင့် ဘယ်ကများ လဲ ဟု တွေးရင်း. . .

အိပ်ရာထက်လှဲရင်း ပြန်ဖတ်လေတော့မှ . . .

"မင်း. . .ဒီနေ့ ငါ့ကို လိုက်ပို့ရတာ သိပ်ပင်ပန်းနေပြီနော်"

"မင်းကို ကျေးဇူးသိပ်တင်တယ်၊ မနက်ဖြန်မနက် လာရဦးမယ်ဆိုတော့ အိပ်ရေးဝဝ အိပ်ပျော် အောင် အိပ်ပါနော်၊ အိပ်မက်လှလှ မက်ပါစေ၊ ကိုယ်ပို့တဲ့ သတင်း ရောက်ရှိကြောင်း ခွင်းချက်အနေနဲ့ အကြောင်းပြန်ပါနော်"

ဖတ်ကြည့်ပြီး ရယ်လည်း ရယ်ချင်မိသည် ။ ပြီးမှ . . .

"ဩော်. . . သူလည်း မြန်မာပြည်မှာ စကားပြောဖော်မှ မရှိရှာတာပဲ"

ဟု ဖြေတွေးကာ Message လက်ခံရကြောင်း အကြောင်းပြန်လိုက်ရတော့သည် ။

တကယ်တော့ ရှင်မင်းသွယ်၏ ဘဝသို့ ခင်မင်စရာကောင်းသော လူသားတစ်ဦး ဖန်ဆင်း ရောက်ရှိလာသလိုပင်။

သို့သော်. . .

ရှင်မင်းသွယ်ဘဝက သူတို့ ကုမ္ပဏီ၏ အလုပ်သမားအဆင့်မျှသာ. . .

***

# အခန်း(၄)

"တန်. . .တန်"

နံနက် ၇ နာရီမှာ ဖုန်းသံမြည်လာ၍ ကောက်ကိုင်ကတည်းက. . .

"ဟုတ်ကဲ့၊ မစ္စတာပြောပါ"

"အဆင်သင့် ဖြစ်နေပြီလား"

"ဟုတ်ကဲ့၊ ကားယူပြီး လာခဲ့ပါ့မယ်"

"အိုကေ၊ ဒါပေမဲ့ ကိုယ် Request တစ်ခု လုပ်ချင်ပါတယ်"

"ဟုတ်ကဲ့၊ အမိန့်ရှိပါ"

"မင်း သူဌေးရဲ့ ကား မယူလာခဲ့ဘဲ တခြားကားနဲ့ သွားချင်ပါတယ်"

"အမ်"

"ဒီနေ့သွားချင်တဲ့ ခရီးပုံစံက Freestyle သွားချင်တယ်၊ မင်းရဲ့ ယူနီဖောင်းနဲ့ တရိုတသေ ဆက်ဆံတဲ့ ပုံစံနဲ့ မသွားချင်လို့ ပါ"

"ဟုတ်ပါပြီ၊ ဒါဆို ရုံးကို အကြောင်းကြားလိုက်ပါ့မယ်၊ မစ္စတာ ဟိုတယ်ကပဲ စောင့်နေပါ"

"ကောင်းပြီလေ"

ဖုန်းခလုတ်ပိတ်ရင်း. . .

"ဟူး"

ရှင်မင်းသွယ် ဝတ်ထားသော ယူနီဖောင်းကို ပြန်ချွတ်ရတော့သည် ။

သူမ လှုပ်ရှားပုံကိုကြည့်ရင်း မိခင်ဖြစ်သူက နားမလည်၍ . . .

"သမီး အလုပ်မသွားရဘူးလား"

ဟု မေးလေရာ. . .

"သွားရမယ် မေမေရေ၊ Boss မြန်မြန် ပြန်လာပါမှ ပဲ၊ ဒီနေ့သည် နဲ့ သမီး ခေါင်းစား လာပြီ"

"ဘာပြုလို့ လဲ"

"ယူနီဖောင်းနဲ့ မလာပါနဲ့ တဲ့ ၊ Boss ကားနဲ့ မသွားချင်ဘူးတဲ့ ၊ သူ့ကို တရိတသေ ဆက်ဆံတာ သဘောကျပုံမရဘူးထင်တယ် မေမေရယ်"

ရှင်မင်းသွယ် စိတ်ညစ်စွာ ပြောလာသော စကားကို နားထောင်ပြီး. . .

"သူက သူတို့ နိုင်ငံရဲ့ ပုံစံမျိုး ဆက်ဆံတာထက် မြန်မာဓလေ့ စရိုက်အတိုင်း သွားလာ၊ ပြောဆို ချင်ပုံရတယ် ထင်ပါရဲ့ ကွယ်၊ သမီးလည်း ရိုးရာချည်ထည်လေးနဲ့ ဝတ်စားသွားပေါ့ကွယ်"

မိခင်ဖြစ်သူ အကြံပေးလေမှ စိတ်ဖြေသာပြီး ရှင်မင်းသွယ် အဝတ်အစား ပြောင်းဝတ်ရလေတော့ သည် ။

တကယ်တော့ ဟိုတယ် အောက်ထပ်မှာ ဆင်း၍ စောင့်နေရှာလေသည် ။

ရှင်မင်းသွယ် ဝင်လာတာကို ကြည့်ပြီး. . .

"Very Pretty Girl"

ဟု အားရပါးရ အော်ကာ ပြောလေသဖြင့် ဟိုတယ်အတွင်းမှ ဝိုင်းကာကြည့်လာ၍ ရှက်၍ မျက်နှာပင် မထားတတ်တော့။ ပြီးမှ အသက်ဝအောင် ရှူသွင်းကာ သည် နေ့ခရီးစဉ်ကို ရှင်းပြရလေ သည် ။

ဟိုတယ်အပြင်ဘက်ထွက်ကာ Taxi တစ်စီး ငှားရလေသည် ။

"အင်း. . .သူ့ပုံကလည်း မျက်နှာဖြူရုပ် မပေါက်၊ ငါနဲ့ နှစ်ယောက်တည်း သွားလာတာ တစ်ဦးဦး မြင်လို့ ကတော့ ရှင်မင်းသွယ် ယောက်ျားတစ်ဦးနဲ့ လျှောက်လိမ့်နေတယ် ထင်မယ်"

သန်လျင် ဘုရားစုံဖူးရန် ခရီးစတင်ရန် ကားထဲဝင်ထိုင်တာနှင့် ကိုယ်တော်ချောက ရှေ့မှာ လည်း မထိုင်၊ ရှင်မင်းသွယ်နှင့် နောက်ခန်းမှာ ဝင်ထိုင်ပါတော့သည် ။

"ဒုက္ခပါပဲ"

နဂိုကမှ သူတကာ အထင်လွဲခံရမှာ ကြောက်နေပါသည် ဆိုမှ . . .

သူကတော့ သူ Minivideo စက်ကလေးဖြင့် လျှောက်ရိုက်ကာ လမ်းတစ်လျှောက် လိုက်ပါလာ ရင်း သန်လျင်တံတားကြီးကို ဖြတ်သောအခါ. . .

"ခဏရပ်ခိုင်းပါ၊ ကိုယ် ဟောဒီမြစ်ရဲ့ သဘာဝအလှကို ဓာတ်ပုံရိုက်ပါရစေ"

သူကတောင်းဆိုလာ၍ . . .

"ကားဆရာ၊ ကားခဏ ရပ်ပေးပါ"

"အာ. . .အစ်မ၊ ဒါ သက်သက် ကျွန်တော့်ကို ဒုက္ခရောက်အောင် လုပ်တာပဲ၊ တံတားပေါ်မှာ အကြောင်းမဲ့ ကားရပ်ခွင့် မရှိဘူးလေ၊ ဟိုမှာ စာ

ရေးထားတယ်၊ ရှင်းပြလိုက်ပါဗျာ"

သူ့အရပ်၊ သူ့ဒေသနှင့် စည်းကမ်းထုတ်ထားကြောင်းကို မနည်းပင် ရှင်းပြရလေတော့သည် ။

သူဆောင်ရွက် လုပ်ကိုင်ချင်တာ လုပ်ခွင့်မရ၍ မျက်နှာမရွှင်ပျသည် လိုနှင့် ကျိုက်ခေါက်ဘုရား ဝင်ဖူးရင်း ရှင်မင်းသွယ်က ဘုရားသမိုင်းစာ အုပ်ဝယ်ကာ သူ့ကို ဘာသာပြန် ဖတ်ပြရလေသည် ။

သူကပါ ဖတ်တတ်သလိုနှင့် ရှင်မင်းသွယ်နှင့်အတူ စာအုပ်ကိုကိုင် ကာ လိုက်ကြည့်လိုက်၊ ရှင်းပြ တာတွေ လိုက်ရှာကြည့်လိုက်နှင့် နှစ်ဦး သား ချောမွေ့နေပြန်သည် ။

ကျောက်တန်း ရေလယ်ဘုရားရှိရာသို့ သွားစဉ်. . .

"ဗိုက်ဆာနေပြီ" ဆိုသောကြောင့်. . .

"ကားဆရာ ဒီဘက်မှာ Restaurant တစ်ခုခု ရှာပါ၊ ညှော်သည် ဗိုက် ဆာနေပြီ"

"ဟုတ်ကဲ့"

သူတို့ ပြောနေသော အရိပ်အကဲကို သဘောပေါက်သည် ထင့်။

"နိုး. . .နိုး၊ မြန်မာထမင်း၊ ဟင်းကိုပဲ စားချင်ပါတယ်"

ဆိုသည့် စကားကြောင့် ကျောက်တန်းရေလယ်ဘုရားရှေ့ သန့်ရှင်း သပ်ရပ်သော ဆိုင်သို့ ခေါ်လာရလေတော့သည် ။

နိုင်ငံခြားသား ဖြစ်ပေမဲ့ အဆင့်အတန်း ခွဲခြားမှုမရှိပေ။ Taxi သမား ကိုပါခေါ်၍ ထမင်းကျွေး လေသည် ။

ထမင်းဖိုး ငွေရှင်းရန် သူ့ Bank Card ကို ထုတ်ရာ. . .

"ဒီဒေသမှာ ဒါနဲ့ မရဘူးရှင့်"

ဟု ဆိုကာ ရှင်မင်းသွယ် အသင့်ယူလာသော မြန်မာငွေနှင့် ရှင်းပေးတာကိုကြည့်ပြီး သူ့အိတ်ကပ် ထဲမှ ဒေါ်လာငွေတွေ ပေးနေပြန်သည်။

"ဒီငွေတွေ နောက်မှ မြန်မာငွေနဲ့ လဲပြီးမှ ငါ့ကို ပြန်ပေး"

ဆိုလေမှ သဘောပေါက် ခေါင်းညိတ်လေ၏။ ငွေပေး၊ ငွေချေး၊ သူပေး၊ ကိုယ်ပေးမို့ လူတွေက ဝိုင်းကြည့်ရာ ရှင်မင်းသွယ်ခမျာ ရှက်ရှာသဖြင့် မျက်နှာပြင်မှာ သွေးရောင်လွှမ်းလို့ နေလေသည်။

ရေလယ်သွားရန် လှေစင်းလုံး ငှားရသဖြင့် လှေပေါ်အတက် ဖိနပ်မချွတ်ဘဲ ရေစပ်စပ်ကနေ လှေ ပေါ်လှမ်းတက်လေရာ မစ္စတာ Rolland ၏ ခန္ဓာကိုယ်ကြီး ယိုင်ထိုးကာ လှေပေါ်ရောက်နေသော ရှင်မင်းသွင်က လှမ်းကူအဆွဲ လှေကရေအရှိန်နှင့် လူးလူးလဲလဲ နှစ်ဦးသား ပုံရက်လဲကျလေတော့သည်။

အရှိန်နဲ့ ပစ်ဆောင့်တာမို့ ယောက်ျားသားမို့ သူက နာရုံ၊ ပွန်းရုံမျှသာ ရှင်မင်းသွယ်ခမျာ လက်ဆစ်ရိုးလေး ခံနှင့်ရိုက်မိကာ တအားနာကျင်စွာ ခံစားရလေတော့သည်။

လှေဆိပ်မှ လူများ ပြေးလာကာ ဆွဲကူကြရင်း. . .

"အား. . .ကျွတ်. . .ကျွတ်"

"ကလေးမ တအား နာနေတယ် ထင်တယ်"

"အင်း. . .ရပါတယ်ရှင်၊ ပရုတ်ဆီရရင် ကောင်းမယ်"

"ရမယ်၊ ခဏ. . .ခဏ"

မြန်မာလူမျိုးချင်းမို့ ကူညီကြကာ ဆေးလိမ်းပေးတာမြင်တော့ ညှော့

သည် က သူ့လက်ကိုင်ပဝါဖြင့် လက်ကို သေချာစွာ ကျပ်စည်းနှောင်ပေးလေသည် ။

"မင်း ငါ့ကြောင့်ဖြစ်တာ၊ ငါလုံးဝ စိတ်မကောင်းဘူး၊ ငါတောင်းပန်ပါတယ်"

ဟု တဖွဖွ ပြောလေရာ. . .

"သူက ဧည့်သည် လား"

ဟု သဘောပေါက် မေးလာကြ၍ . . .

"ဟုတ်ပါတယ်၊ ကျွန်မက Guide လုပ်ရတာပါ"ဟု ဖြေတော့မှ . . .

"ဩော်. . .ငါတို့ က အင်္ဂလိပ်ပုံမပေါက်တော့ မြန်မာထင်နေတာ"ဟု ဝိုင်းပြောကြတာကို ပြုံး၍ နားထောင်ပြီး လှေဆိပ်ကို ပြန်ဆင်းကာ စောစောကလို မဖြစ်ရန် ဝိုင်းကူပေးလေ၏။

"ကျိ. . .ကျိ"

စက်လှေရပ်၍ လက်ခတ်ဖြင့် ဘုရားကို တစ်ပတ်ပတ်၍ ဖူးစေသည် ။ ဘုရားပေါ်ရောက်သည် နှင့် ရှင်မင်းသွယ်ကို ဖေးမခေါ်ဆောင်လေသည် ။

"အင်း. . . ဒီလူဟာ မြန်မာပြည်နဲ့ ရေးရေစက်ရှိပုံပဲ၊ သူဘုရားရှိခိုးပုံ၊ လှူဒါန်းပုံတွေက မြန်မာ ဆန်လိုက်တာ"

ရှင်မင်းသွယ် ငေးကာ အကဲခတ် ထိုင်ကြည့်နေမိသည် ။

ဒါကို သူက ဘာလို့ ပေးသည် မသိ။ လက်က နာနေ၍ ငိုင်နေသည် ထင်ကာ ထပ်ကာတလဲလဲ တောင်းပန်လေသည် ။

ငါးစာကျွေးလှူတာကို စိမ်ပြေနပြေ စိတ်ကြိုက်ကျွေးမွေးလေရာ သူ့

ကို ခတ်ပုံရိုက်ခိုင်းပြန် သည် ။

အချိန်တန်ကြာ သူ စိတ်ပြေသလောက်နေ၍ ပြီးလေမှ ရှင်မင်းသွယ် ကို သတိရကာ အနားရောက် လာပြီး. . .

"မင်းကို ကြည့်ရတာ မသက်သာသလိုပဲ"

ဟု ဆိုကာ နဖူးကို စမ်းရင်း. . .

"ဟင်. . .အဖျားတက်နေတယ်"

ရှင်မင်းသွယ် အဖျားရှိန်ကြောင့် ငုတ်တုတ်ကပင် မထ၍ ပင်လယ် လေတိုးမှုက တဝေါဝေါမို့ လက်ကို ပိုက်ထားရလေသည် ။

"ပြန်ကြရအောင်၊ ဆေးပေးခန်း ဝင်ပြမှ ကောင်းလိမ့်မယ်"

ရှင်မင်းသွယ် ခေါင်းညိတ်ရုံမှ တစ်ပါး မတတ်နိုင်တော့။ လက်ကလ ည်း ပို၍ ရောင်ကိုင်းလာချေ ပြီ။

အဖျားကတက်၊ လေကတိုးမို့ အနွေးထည် အပိုမပါ။ ပေ့ါပေ့ါပါးပါး လာကြခိုက် ရုတ်တရက် အခြေအနေမှာ ဒုက္ခရောက်ရလေပြီ။

ဒါကို ရိပ်စားမိ၍ ထင်သည် ။

"မင်းကို ကိုယ် ဖက်ထားပေးမယ်၊ မင်း အချမ်းပြေအောင် ကူညီပါရ စေ"

အကွယ်အကာမဲ့သော လေ့ပေါ်မှာ သူ့ရင်ခွင်ကျယ်အတွင်း ခိုဝင်နစ်မြုပ်ကာ လိုက်ပါလာရတော့ သည် ။

ဖျားသည့်အချမ်းဒဏ် ခိုက်ခိုက်တုန်ခါမှု အတိုင်းအဆထက် သူစိမ်း တစ်ဦး၏ ရင်ခွင်မှာ မထင် မှတ်ဘဲ ခိုဝင်လိုက်ပါရသော သူမအဖြစ်မှာ ဘယ်သို့ ဖြစ်နေမည် ထင်ပါသနည်း။

အခွင့်အရေး ယူခြင်းမဟုတ်ဘဲ ကူညီဖေးမချင်း စိတ်စေတနာဆိုတာ သိလျက်နှင့် ရှင်မင်းသွယ် ရှက်ရိပ်ဝေဖြာမိလေ၏။ ဆေးခန်းကို ဝင်ပြ ရာ သူ့ကို လူနာရှင်ထင်၍ ဆရာဝန်က ရှင်းပြနေသည် ။ မြန်မာလို ပြော နေခြင်းကို ဟန်ဆောင်ပန်ဆောင် နားထောင်နေသော သူ့အိုက်တင်က တစ်မျိုးတော့ ကြည့်ကောင်းနေသလိုပင်။

"လမ်းမှာ သက်သာအောင် ဆေးတစ်လုံးထိုးမှ ဖြစ်မယ်"

ဟု ဒေါက်တာကဆိုကာ အဖျားကျရန် ဆေးထိုးပေးမည်ဖြစ်၍ . . .

"ကျွန်မ ဆေးထိုးမှာ ၊ ရှင် အပြင်ထွက်ပေးပါ"

ဟု တိုးတိုး တောင်းပန်ပြောရာ. . .

"ဒါ ရှက်စရာ မဟုတ်တာ"ဟု ပြောပြီး ဒေါက်တာ ဆေးလာထိုးပြီး သူက တင်ပါးကို လက်ဝါး နှင့်ပွတ်ခြေကာ ဆေးပျံ့နှံ့အောင် ကူပြန်သည် ။

သူတို့ နေခဲ့သော တိုင်းပြည်၏ ဓလေ့မှာ တော့ ဒါမျိုးကို ရိုးနေပြီကိုး။ ရှင်မင်းသွယ်မှာ တော့ အရှင် လတ်လတ် မျက်နှာကို ဓားဖြင့် လှီးပစ်ချင် လှ၏။ ဒေါက်တာက လက်အနာကို အရိုးအကြောနှင့်ပြရန် ညွှန်ပြပြော ဆိုပြီး ကားနှင့်ပြန်ကြရာတွင် . . .

"မင်း လက်ဒဏ်ရာကို သေသေချာချာပြပြီးမှ ငါစိတ်အေးနိုင်မယ်"

ဟု ပြောကာ ကားသမားကို ရန်ကုန်ရှိ အရိုးဆေးခန်း မောင်းခိုင်းပြ န်သည် ။ ကားသမားကပင်. . .

"အစ်မ၊ ဒီနိုင်ငံခြားသားမို့နော်၊ တခြားကောင်တွေဆို သူတို့ ငွေ ပွန်း မှာ စိုးလို့ မသိချင်ယောင် ပြုမှာ "

သူ့အထင်အမြင်ကို မှတ်ချက် ပြုနေပြန်သည် ။

တစ်ချက်တစ်ချက် ဆေးအရှိန်ကြောင့် ရှင်မင်းသွယ် သူ့ရင်ခွင်တွင်းမှာ ငိုက်မျဉ်းအိပ်ပျော်သွား လေ၏။

သူ့လက်ချောင်းလေးများ ဖြင့် ကားအသွား လေအဟုန့်မှာ မျက်နှာပေါ်ဝဲကျသော ဆံနွယ်စလေး များကိုပင် ဖယ်ရှားပေးတတ်ပြန်သည် ။

"တီ. . .တီ"

အိမ်ရှေ့သို့ ကားထိုးရပ်ကာ. . .

လက်မှာ ကျောက်ပတ်တီးနှင့် ဘေးမှာ လူတစ်ဦးတွဲကာ ဆင်းလာသော ရှင်မင်းသွယ်အဖြစ်ကို ဒေါ်အေးသွယ် လှမ်းမြင်ကာ ပြေးဆင်းကြိုရင်း. . .

"မေမေ ရင်ပူလိုက်တာ၊ ဘယ်လိုဖြစ်လာတာလဲ သမီးရယ်"

"နောက်မှ ရှင်းပြမယ် မေမေ၊ ဒါ သမီးလိုက်ပို့ရတဲ့ ဧည့်သည် ပဲ၊ သမီးကို စိတ်မချလို့ အိမ်ကို လိုက်ပို့တာလေ၊ မစ္စတာ Rolland ဒါ ကျွန်မရဲ့ မေမေပဲ၊ လိုက်ပို့တာ ကျေးဇူးတင်တယ်၊ ကော်ဖီ သောက်သွားပါဦး"

"No Problem nevermind"

ဟု လက်ကာပြကာ ရှင်မင်းသွယ်ကို နေရာတကျ ထိုင်စေပြီးမှ ခွင့်တောင်းကာ ပြန်သွားလေ တော့သည် ။

"မစ္စတာ ချောချောမောမောရောက်ကြောင်း ကျွန်မဆီ ဖုန်းပြန်ဆက်ပါနော်"

ဟု အတန်တန် မှာ ကြားရလေသည် ။

ကုမ္ပဏီပိုင်ရှင် မလာမီ သူတို့ ဧည့်သည် အတွက် တာဝန်ပေးထားခြ

င်း ခံရသူမို့ သူ့မှာ တာဝန်ရှိ လေသည်။

တကယ်တမ်း ရှင်မင်းသွယ်အား စိတ်ပူပန်သူမှာ Mr. Rolland ဖြစ်လေသည်။ ၁ နာရီတစ်ခါ ဖုန်းခေါ်ကာ မေးနေလေတော့သည်။

"ဩော်. . .သံယောဇဉ်ကြီးရှာပါလားကွယ်"

ဟု ဒေါ်အေးသွယ်က မှတ်ချက်ချလေ၏။

***